eia environmental investigation agency

# သတင်းထုတ်ပြန်ချက်

၂၀၁၄ခုနှစ်၊ မတ်လ ၂၆ ဗုဒ္ဓဟူးနေ့ ၀၀း၀၁ နာရီ နောက်ပိုင်းမှသာ ထုတ်ပြန်ရန် တင်းကြပ်စွာ တားမြစ်သည်။

## တရားဝင် အချက်အလက်များက ဖော်ထုတ်လိုက်သော မြန်မာနိုင်ငံ၏ ဒေါ်လာ ၆ ဘီလီယံဖိုး သစ်ကုန်သွယ်ရေး ခြစားမှု တွင်းနက်

လန်ဒန်။ ။ မြန်မာအစိုးရ၏ သစ်တောရေးရာနှင့် ကုန်သွယ်မှုအချက်အလက်များအပေါ် လတ်တလော သုံးသပ်မှုတခုက မြန်မာနိုင်ငံအတွင်းပျံ့နှံ့နေသော သစ်ကုန်သွယ်မှုဆိုင်ရာ ပြစ်မှုကျူးလွန်မှုများနှင့် အစိုးရပိုင်းခြစားမှုများ ရှိကြောင်းကိုသိစေမည့် တရားမဝင်သစ်ခုတ်ခြင်းနှင့် တင်ပို့ရေးအပိုင်းတို့တွင် ဒေါ်လာဘီလီယံနှင့် ချီ၍စုံးစုံးမြုပ်သွားခြင်းကို ညွှန်ပြနေ၏။

သဘာဝပတ်ဝန်းကျင် စုံစမ်းစစ်ဆေးရေးအဖွဲ့ (EIA)သည် ***အချက်အလက်ခြစားမှု။ ။မြန်မာနိုင်ငံအတွင်း သစ်လုံးထုတ်လုပ်မှု ပမာဏ အစစ်အမှန်အား ဖော်ထုတ်ခြင်း*** ဟုအမည်ပေးထားသော အတိုချုပ်ရှင်းလင်းချက် အသစ်တခုအားယနေ့ထုတ်ပြန်လိုက်သည်။ ထို ရှင်းလင်းချက်တွင် လွန်ခဲ့သော ၁၅နှစ်အတွင်း သစ်ခုတ်ခြင်းနှင့် သစ်တင်ပို့ခြင်းဆိုင်ရာ တရားဝင်ထုတ်ပြန်ချက်များကိုအသေးစိတ် ဆန်းစစ်သုံးသပ် တင်ပြထားသည်။

မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာမှရရှိသော အဆိုပါ ထုတ်ပြန်မှုပါအချက်အလက်များကို ယခုလအစောပိုင်းက မြန်မာနိုင်ငံ၏ အလဲဗန်းသတင်းအုပ်စုက ပုံနှိပ်ဖော်ပြခဲ့ခြင်းဖြစ်သည်။

၂၀၁၁-၁၃ကာလအတွက် တရားဝင် တင်ပို့မှု ကိန်းဂဏန်းများသည် ဆိုးရွားစွာပင် မြန်မာ့သစ်လုံးနှင့်ပတ်သက်၍ နိုင်ငံတကာကုန်သွယ်မှုများတွင် မှတ်တမ်းတင်ထားသည်များ၏ ၂၈ရာခိုင်နှုန်းအထိသာလျှင်ကိုယ်စားပြုပြီး ၇၂ရာခိုင်နှုန်းသော သစ်လုံးတင်ပို့မှုများမှာ တရားမဝင်ဖြစ်နေကြောင်း ဖော်ပြနေ၏။

နိုင်ငံတကာမှ ဝယ်ယူသူများက မြန်မာနိုင်ငံမှ သစ်လုံးကုဗမီတာ ၂၂.၈သန်း တင်သွင်းသည်ဟု အစီရင်ခံကြပြီး မြန်မာအစိုးရ၏ တရားဝင် တင်ပို့မှု စာရင်းဇယားများထက် သစ်ကုဗမီတာ ၁၆.၄သန်း ပိုများနေသည်။ ၄င်းသစ်ပမာဏအား ကုန်တင်ကွန်တင်နာများဖြင့် ထည့်ပြီးအချင်းချင်း ချိတ်ဆက်လိုက်မည် ဆိုပါကအဆိုပါခွင့်ပြုချက်မရပဲ မြန်မာနိုင်ငံမှ တင်ပို့လိုက်သောသစ်များသည် ရောဝတီမြစ်၏ အလျားထက် ၂.၃ဆရှိသော အလျားအထိရှည်မည် ဖြစ်သည်။ ၄င်းတရားမဝင် တင်ပို့လိုက်သောသစ်များ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆ဘီလီယံနီးပါးအထိ တန်ဖိုးရှိပြီး၂၀၁၃-၂၀၁၄ မြန်မာနိုင်တနိုင်ငံလုံး၏ ကျန်းမာရေးနှင့် ပညာရေးရန်ပုံငွေစုစုပေါင်း၏ လေးဆနှင့် ညီမည်ဖြစ်၏။

ဆိုခဲ့သောကာလအတွင်း အစိုးရ၏ တရားဝင်သစ်ထုတ်လုပ်သောပမာဏသည် မှတ်တမ်းတင်ထားသော မြန်မာနိုင်ငံအတွင်းမှ သစ်လုံးတင်သွင်းမှုပမာဏ၏ ၅၃ ရာခိုင်နှုန်းမျှသာ ကိုယ်စားပြုနေကာ နိုင်ငံတဝှမ်းတွင် တင်ပို့ရေးသက်သက်အတွက်ပင် တရားမဝင်သစ်ခုတ်နှုန်း ၄၇ ရာခိုင်နှုန်း ရှိနေကြောင်းကို အီးအိုင်အေအဖွဲ့က တွေ့ရှိခဲ့သည်။

အီးအိုင်အေ၏ သစ်တောရေးရာလှုံ့ဆော်ရေးခေါင်းဆောင် ဖိတ်သ် ဒေါ်ရသီက "သစ်တောရေးရာနဲ့ သစ်တင်ပို့ရေးနဲ့ပတ်သက်တဲ့ အစိုးရပြောတဲ့ တရားဝင်အချက်အလက်တွေက တရားမဝင်သစ်ခုတ်တာနဲ့ သစ်ခိုးထုတ်တာတွေ အစုလိုက်အပြုံလိုက်ဖြစ်နေတာကို ပြနေတယ်ရှင့်။ ဒီလို ပြစ်မှုမျိုးတွေ ကျူးလွန်ဖို့ဆိုတာအစိုးရအဖွဲ့အစည်းနဲ့ချီပြီး ခြစားမှုတွေ အကြီးအကျယ်ဖြစ်မှ လုပ်နိုင်တာမျိုးလေ" ဟုဆို၏။

မြန်မာအစိုးရက တရားမဝင်ဟုယူဆထားသောတရုတ်နိုင်ငံနှင့် နယ်စပ်ကုန်းမြေမှတဆင့် သစ်လုံးတင်ပို့မှုကို နုတ်ပယ်လိုက်သည့်အခါတွင်လည်းတရားဝင် တင်ပို့သည်ဆိုသောပမာဏသည် မှတ်တမ်းတင်ထားသော မြန်မာနိုင်ငံမှ သစ်တင်သွင်းမှုများ၏ ၃၈ ရာခိုင်နှုန်းသာရှိသေးသည်ကိုတွေ့ရပြီးသစ်ကုဗမီတာ ၈ သန်းခန့် ရှိသောသစ်တင်ပို့မှုအားလုံး၏ ၆၂ ရာခိုင်နှုန်းမှာ တရားဝင်ခွင့်ပြုချက် မရှိပဲ ပို့ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရသည်။ နိုင်ငံ၏ အဓိကတရားမဝင် သစ်ခုတ်ခြင်းများသည့် နေရာများကို ထည့်မတွက်ပဲ အစိုးရထိန်းချုပ်သော နယ်မြေများအတွင်း ဖြစ်ပွားသော တရားမဝင်သစ်ခုတ်မှုနှုန်းမှာလည်း တရားဝင်ခွင့်ပြုသော ခုတ်ခွင့်ပမာဏထက် ကုဗမီတာ ၂.၆ သန်းများနေသေးကြောင်းကိုလည်း တွေ့ရပြီးတရားမဝင်သစ်ခုတ်နှုန်း ၂၀ ရာခိုင်နှုန်းရှိကြောင်း ပေါ်လွင်စေသည်။

ဒေါ်ရသီက "အီးအိုင်အေသုသေသနအရဆိုရင် ဒီလိုပြစ်မှုကျူးလွန်မှုတွေက တနိုင်ငံလုံးမှာကို ဖြစ်နေတာ၊ မြန်မာသစ်လုပ်ငန်းစီမံကိန်း(MTE)ရဲ့ ထိန်းချုပ်မှုအောက်မှာရှိတဲ့ ဒေသတွေအပါအဝင်ပဲ။ ၂၀၁၄ ဧပြီ ၁ရက်နေ့ကစပြီးတော့ သစ်လုံးတင်ပို့တာကိုတားမြစ်လိုက်ပြီဆိုတော့ နိုင်ငံထဲကသစ်တောရဲ့ ကုန်ကြမ်းတွေအများကြီးအတုံးလိုက် အခိုးခံအလုခံရပြီးတော့ တန်ကြေးထက် လျှော့ပြီးတော့လည်း အရောင်းခံနေရတာကို မြန်မာအစိုးရကအသိအမှတ်ပြုလိုက်ပြီဆိုတဲ့ သဘောပါပဲ။ သစ်လုံးတင်ပို့တာကို တားမြစ်တာတခုတည်းနဲ့တော့ မလုံလောက်ပါဘူး၊ တခြားအများကြီးလုပ်ရပါဦးမယ်" ဟုထပ်မံပြောဆို၏။

အီးအိုင်အေ၏ မြန်မာအစိုးရလုပ်ဆောင်သင့်သည်များကိုအကြံပြုထားသည်များမှာ -

- ဧပြီလ ၁ ရက် ၂၀၁၄ မှစတင်မည့် သစ်လုံးတင်ပို့မှုကိုအားသွန်ခွန်စိုက်တားမြစ်ရန်
- သစ်တောရေးရာအရင်းအမြစ်များစီမံခန့်ခွဲမှုတွင် အခြေခံပွင့်လင်းမြင်သာမှုအား သိသိသာသာ မြှင့်တင်ရန်
- အခြေခိုင်နေပြီးဖြစ်သောအစိုးရနှင့် နီးစပ်ရင်းနှီးသူများကို သာသစ်တောအရင်းအမြစ်များ ခွဲတမ်းချပေးနေခြင်းကိုရပ်တန့်ရန်
- စီစဉ်ထားပြီးဖြစ်သောသစ်တောဝန်ကြီးဌာန ပြန်လည်ပြုပြင်ဖွဲ့စည်းရေးလုပ်ငန်းစဉ်တွင် လူမှုအဖွဲ့အစည်းများပါဝင်ခွင့်ရှိစေရေးသေချာစေရန်
- တရားမဝင် သစ်ထုတ်လုပ်ခြင်းနှင့် သစ်ခိုးထုတ်ခြင်းတို့တွင် ပတ်သတ်နေသောအစိုးရဝန်ထမ်းများ၊ ကုမ္ပဏီများကိုစုံစမ်းစစ်ဆေးပြီးအရေးယူမှုပြုရန်တို့ဖြစ်ကြသည်။

တွေ့ဆုံမေးမြန်းလိုသူများ မေးမြန်းခွင့်တောင်းခံ၍ မေးမြန်းနိုင်သည်။ ကျေးဇူးပြု၍သစ်တောရေးရာအဖွဲ့ ခေါင်းဆောင် ဖိတ်သ် ဒေါ်ရသီအား faithdoherty@eia-international.org မှတဆင့်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် +၄၄ (၀) ၂၀ ၇၃၅၄ ၇၉၆၀ မှတဆင့်ဖြစ်စေ ဆက်သွယ်ပါ။

## တည်းဖြတ်သူများ၏မှတ်စု

၁။ သဘာဝပတ်ဝန်းကျင် စုံစမ်းစစ်ဆေးရေးအဖွဲ့ (EIA)သည် ဗြိတိသျှနှင့် ဝါရှင်တန်ဒီစီအခြေစိုက် အစိုးရနှင့် မသက်ဆိုင်သော အဖွဲ့အစည်း(ပရဟိတအဖွဲ့အမှတ် - ၁၁၄၅၃၅၉) ဖြစ်ပြီး တောရိုင်းသဘာဝသက်ရှိသက်မဲ့များကို တရားမဝင်ကုန်သွယ်ခြင်း၊ တရားမဝင် သစ်ခုတ်ခြင်း၊ ရာသီဥတုနှင့် အိုဇုန်းဓါတ်ပြောင်းလဲမှု ဖြစ်ပေါ်စေသော ဓာတုပစ္စည်းများ ပါဝင်သောကုန်ပစ္စည်းများ ကုန်သွယ်မှုနှင့် အန္တာရယ်ရှိသောစွန့်ပစ်ပစ္စည်းများနှင့် ဆိုင်သော ပြစ်မှုများအပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြစ်မှုများကို စုံစမ်းစစ်ဆေးရေးနှင့် ဆန့်ကျင်ရေးလှုံ့ဆော်မှုပြုခြင်းများကို ပြုလုပ်နေသောအဖွဲ့အစည်းဖြစ်သည်။

၂။ http://ow.ly/uUxiM တွင် *အချက်အလက်ခြစားမှု။ ။မြန်မာနိုင်ငံအတွင်း သစ်လုံးထုတ်လုပ်မှု ပမာဏ အစစ်အမှန်အား ဖော်ထုတ်ခြင်း*စာတမ်း၏ အင်္ဂလိပ်ဘာသာမူအားသိမ်းယူပြီးဖတ်ရှုနိုင်သည်။

၃။ http://ow.ly/uUxE7တွင် *အချက်အလက်ခြစားမှု။ ။မြန်မာနိုင်ငံအတွင်း သစ်လုံးထုတ်လုပ်မှု ပမာဏအစစ်အမှန်အား ဖော်ထုတ်ခြင်း*စာတမ်း၏ မြန်မာဘာသာမူအားသိမ်းယူပြီးဖတ်ရှုနိုင်သည်။

သဘာဝပတ်ဝန်းကျင် စုံစမ်းစစ်ဆေးရေးအဖွဲ့ (Environmental Investigation Agency)
62-63 Upper Street
London N1 0NY
UK
www.eia-international.org
Tel: +44 207 354 7960

ပြီး